# ဓမ္မစကြာသုတ်

## ပါဠိနှင့် မြန်မာပြန်

ဓမ္မစကြာအမွမ်း

ဘိက္ခုနံ့ ပဥ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ။

မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

သဟမ္ပတိ နာမကေန၊ မဟာဗြဟ္မေန ယာစိတံ။

စတုသစ္စံပကာသေန္တော၊ လောကနာထော အဒေသယိ။

နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

သဗ္ဗလောကဟိ တတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမဟေ။

*

ဓမ္မစကြာနိဒါန်း

ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဥ္စဝဂ္ဂိယေ ဘိက္ခူအာမန္တေသိ -

ကျွန်ုပ် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတစ်ပါးတွင် မြတ်စွာ ဘုရားသည် ဗာရာဏသီပြည် 'ဣသိပတန' အမည် ရသော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော် မူသည်။ ထိုအခါတွင် မြတ်စွာ ဘုရားသည် ပဥ္စဝဂ္ဂီရဟန်းတို့အား မိန့်တော် မူသည်။

(၁) အစွန်းတရားနှစ် ပါး၏ အလယ်အလတ် ဖြစ်သော မဇ္ဈိမပဋိပဒါအကျင့်

ဒွေ မေ, ဘိက္ခဝေ, အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ?

(၁) ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော

ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊

(၂) ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ရဟန်းတို့... အိမ်ယာစွန့်ခွာ ရဟန်းပြုလာသူတို့ မမှီဝဲအပ်သော အစွန်းတရား နှစ်ပါးရှိ၏ ။ အဘယ် နှစ် ပါးတို့နည်း။

(၁) ယုတ်ညံ့၍ အိမ်ယာထူထောင်သူ လူများ စုတို့၏ အလေ့အကျင့်သာ ဖြစ်သော ,မြတ်သော အကျင့်မဟုတ်သော , အကျိုး မရှိသော 'ကာမချမ်းသာကိုလိုက်စားခြင်း' (ကာမသုခလ္လိကာနုယောဂ) (၂) ကိုယ်စိတ်ဆင်းရဲခြင်းကို ဖြစ်စေတတ်သော , မြတ်သော အကျင့်မဟုတ်သော , အကျိုး မရှိသော 'မိမိကိုမိမိ ပင်ပန်းဆင်းရဲအောင်အားထုတ်ခြင်း' (အတ္တကိလမထာနုယောဂ) နှစ် ပါးတို့တည်း။

ဧတေ ခေါ, ဘိက္ခဝေ, ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ, စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ, ဘိက္ခဝေ, မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ, စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ? အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ -

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ, ဘိက္ခဝေ, မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ, စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ရဟန်းတို့ ...တထာဂတ (မြတ်စွာ ဘုရား)သည် ဤအစွန်းတရားနှစ် ပါးအား မကပ်ရောက်ပဲ အလယ်အလတ်အကျင့် (မဇ္ဈိမ ပဋိပဒါ) ကို ထိုးထွင်း၍ သိတော် မူအပ်ပြီ။ ထို

မဇ္ဈိမပဋိပဒါ အကျင့်သည် ပညာမျက်စိကို ဖြစ်စေ၏ ။ အသိဉာဏ်ကို ဖြစ်စေ၏ ။ ကိလေသာကို ငြိမ်းစေ၏ ။ (သစ္စာလေးပါးကို) ထူးသော ဉာဏ်ဖြင့် ထိုးထွင်းသိစေ၏ ။ နိဗ္ဗာန်ကို မျက်မှောက်ပြုစေ၏ ။

ထို မဇ္ဈိမပဋိပဒါ အကျင့်ကား အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ (မှန်သော အမြင်)

(၂) သမ္မာသင်္ကပ္ပ( မှန်သော အကြံ)

(၃) သမ္မာဝါစာ (မှန်သော စကား)

(၄) သမ္မာကမ္မန္တ (မှန်သော အပြုအမူ)

(၅) သမ္မာအာဇီဝ (မှန်သော အသက်မွေးခြင်း) (၆) သမ္မာဝါယာမ (မှန်သော အားထုတ်ခြင်း) (၇) သမ္မာသတိ (မှန်သော အောက်မေ့ခြင်း) (၈) သမ္မာသမာဓိ (မှန်သော တည်ကြည်ခြင်း) ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အကျင့်လမ်း(မဂ္ဂ) ဖြစ်သည်။

တထာဂတသည် ဤ မဇ္ဈိမပဋိပဒါအကျင့်အား ထိုးထွင်း၍ သိတော် မူအပ်ပြီ။

*

# (၂) အရိယသစ္စာလေးပါး

(၁) ဣဒံ ခေါ ပန, ဘိက္ခဝေ, ဒုက္ခံ အရိယသစ္စံ။ ဇာတိပိ ဒုက္ခာ, ဇရာပိ ဒုက္ခာ, ဗျာဓိပိ ဒုက္ခော, မရဏံပိ ဒုက္ခံ, အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော, ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော, ယံပိစ္ဆံ န လဘတိ တံ ပိ ဒုက္ခံ, သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ရဟန်းတို့... ဤကား ဒုက္ခအရိယသစ္စာ (ဆင်းရဲခြင်းဟူသည့် အရိယာတို့သိအပ်သော အမှန်တရား)တည်း။ မွေးဖွားခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ မချစ်မနှစ်သက်သူ(သတ္တဝါ, သင်္ခါရတရား) တို့နှင့် အတူနေရခြင်းဆင်းရဲ၊ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ၊ အလိုရှိအပ်သည်ကို မရသော ဆင်းရဲ၊ အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံ ဖြစ်သော ခန္ဓာငါးပါး (ပဉ္စုပါဒါနက္ခန္ဓာ) တို့ ဖြစ်သည်။

(၂) ဣဒံ ခေါ ပန, ဘိက္ခဝေ, ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ, နန္ဒီရာဂ သဟဂတာ တတြ တတြာဘိနန္ဒိနီ။ သေယျထိဒံ - ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။

ရဟန်းတို့...ဤကား ဒုက္ခသမုဒယ အရိယသစ္စာ (ဆင်းရဲခြင်း၏ ဖြစ်ကြောင်းဟူသည့် အရိယာတို့ သိအပ်သော အမှန်တရား-သမုဒယသစ္စာ) တည်း။ အကြင်တဏှာသည် ဘဝသစ်ကို တဖန် ဖြစ်စေတတ်၏ ။ နှစ်သက် တပ်မက်ခြင်းနှင့် တကွ ဖြစ်၍ ထိုထို (ကာမဂုဏ်အာရုံ,ဘဝစသည်)တို့ကို အလွန် နှစ်သက် သာယာတတ်သည်။ ယင်းတဏှာတို့ကား ကာမဂုဏ်အာရုံတို့၌ တပ်မက်ခြင်း (ကာမတဏှာ), ဘဝ ဖြစ်တည်မှု ကို တပ်မက်ခြင်း (ဘဝတဏှာ)၊ ဘဝကင်းပြတ်မှု ကို တပ်မက်ခြင်း (ဝိဘဝတဏှာ)တို့ ဖြစ်သည်။

(၃) ဣဒံ ခေါ ပန, ဘိက္ခဝေ, ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿ ာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿ ဂ္ဂေါ မုတ္တိ အနာလယော။

ရဟန်းတို့...ဤကား ဒုက္ခနိရောဓ အရိယသစ္စာ (ဆင်းရဲချုပ်ခြင်းဟူသည့်

အရိယာတို့ သိအပ်သော အမှန်တရား- နိရောဓသစ္စာ) တည်း။ ထိုတဏှာ၏ အကြွင်းမဲ့ တပ်ခြင်းကင်းရာ, ချုပ်ရာ, စွန့်ရာ, တစ်ဖန်ပြန်၍ စွန့်ရာ လွတ်မြောက်ရာ မကပ်ငြိရာ ဖြစ်သည်။

(၄) ဣဒံ ခေါ ပန, ဘိက္ခဝေ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ရဟန်းတို့...ဤကား ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ (ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်လမ်း ဟူသည့် အရိယာတို့ သိအပ်သော အမှန်တရား- မဂ္ဂသစ္စာ) တည်း။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော အင်္ဂါရှစ်ပါးရှိသော အကျင့်လမ်း (အဋ္ဌင်္ဂိကမဂ္ဂ) ဖြစ်သည်။

*

## (၃) တိပရိဝ ဒေသနာ - သစ္စာလေးပါးအား သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်သုံးပါးဖြင့် သိခြင်း

(၁) "ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ဤကား ဒုက္ခအမှန်တရားတည်း" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (သစ္စာဉာဏ်) ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၂) "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ

ု တေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ထို ဒုက္ခအမှန်တရားအား ပိုင်းခြား၍ သိအပ်သည်" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကိစ္စဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၃) "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ" န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ထို ဒုက္ခအမှန်တရားအား ပိုင်းခြား၍ သိပြီ" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကတဉာဏ်) ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၄) "ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ" န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ဤကား ဒုက္ခ ဖြစ်ကြောင်း အမှန်တရားတည်း" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (သစ္စာဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၅) "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ" န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ထို ဒုက္ခ ဖြစ်ကြောင်း အမှန်တရားအား ပယ်အပ်သည်" ဟု

(ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကိစ္စဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၆) "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန" န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့… "ထို ဒုက္ခ ဖြစ်ကြောင်း အမှန်တရားအား ပယ်ပြီးပြီ" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကတဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၇) "ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့… "ဤကား ဒုက္ခချုပ်ရာ အမှန်တရားတည်း" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (သစ္စာဉာဏ်) ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၈) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ" န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့… "ထို ဒုက္ခချုပ်ရာ အမှန်တရားအား မျက်မှော က်ပြုအပ်သည်" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကိစ္စဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၉) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ထို ဒုက္ခချုပ်ရာ အမှန်တရားအား မျက်မှော က်ပြုပြီးပြီ" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကတဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၁၀) "ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ဤကား ဒုက္ခချုပ်ရာ ရောက်ကြောင်းအကျင့် အမှန်တရားတည်း" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (သစ္စာဉာဏ်) ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၁၁) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့... "ဤကား ဒုက္ခချုပ်ရာ ရောက်ကြောင်းအကျင့် အမှန်တရားအား ပွားများ အပ်သည်" ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကိစ္စဉာဏ်)ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

(၁၂) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိမေ, ဘိက္ခဝေ, ပုဗ္ဗေ အနနုဿ ု တေသု ဓမ္မေသု စက္ခုံဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ

ဥဒပါဒိ, အာလောကော ဥဒပါဒိ။

ရဟန်းတို့… “ဤကား ဒုက္ခချုပ်ရာ ရောက်ကြောင်းအကျင့် အမှန်တရားအား ပွားများ ပြီးပြီ” ဟု (ဘုရားမ ဖြစ်မီ) ရှေးယခင်က မကြားခဲ့ဖူးသော တရားတို့၌ (ကတဉာဏ်) ပညာမျက်စိသည် ဖြစ်၏ ။ အသိဉာဏ်သည် ဖြစ်၏ ။ ပညာသည် ဖြစ်၏ ။ ထိုးထွင်း၍ သိသော ဝိဇ္ဇာသည် ဖြစ်၏ ။ ဉာဏ်အလင်းရောင် သည် ဖြစ်၏ ။

*

# (၄) သစ္စာလေးပါးကိုသိမှ ဘုရားအ ဖြစ်ကို ဝန်ခံခြင်း

ယာဝကီဝဉ္စ မေ, ဘိက္ခဝေ, ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝံ ဒွါဒသကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။ နေဝ တာဝဟံ, ဘိက္ခဝေ, သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ” တိ ပစ္စညာသိံ။

ရဟန်းတို့... ဤအရိယသစ္စာလေးပါး၌ (သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟု) သုံးပါးသော အပြန် (တိပရိဝံ ),၁၂-ပါးသော အခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် မစင်ကြယ်သေးသမျှကာလပတ်လုံး၊ ငါသည် နတ်, မာရ်နတ်, ဗြဟ္မာ နှင့် သမဏ, ဗြာဟ္မဏ, မင်းဟူသော နတ်လူလောကတွင် “အတုမရှိသော သမ္မာသမ္ဗုဒ္ဓဘုရား” အ ဖြစ်ကို ဝန်မခံခဲ့ချေ။

ယာတော စ ခေါ မေ, ဘိက္ခဝေ, ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝံ ဒွါဒသကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။ အထာဟံ ဘိက္ခဝေ, သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ” တိ ပစ္စညာသိံ။

ရဟန်းတို့... ဤအရိယသစ္စာလေးပါး၌ (သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟု) သုံးပါးသော အပြန် (တိပရိဝံ ), ၁၂-ပါးသော အခြင်းရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် စင်ကြယ်မှသာလျှင်၊ (...) “အတုမရှိသော သမ္မာသမ္ဗုဒ္ဓဘုရား” အ ဖြစ်ကို ဝန်ခံခဲ့သည်။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ “အကုပ္ပါ မေ ဝိမုတ္တိ, အယမန္တိမာ ဇာတိ, နတ္ထိဒါနိ ပုနဗ္ဘဝေါ” တိ။

“ငါ၏ လွတ်မြောက်မှု သည် မပျက်စီးမဆုံးရှုံးနိုင်တော့။ ဤကား အဆုံးဘဝတည်း။ ဘဝတစ်ဖန်ပြန်၍ ဖြစ်ခြင်းမရှိပြီ” ဟုသိမြင်သော (ပြန်၍ ဆင်ခြင်သိသော

ပစ္စဝေက္ခဏာ) ဉာဏ်သည် ဖြစ်ပေါ်လာသည်။

ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

မြတ်စွာ ဘုရားသည် ဤစကားအား မိန့်သော အခါ၊ ပဉ္စဝဂ္ဂီငါးပါးတို့သည် နှစ်လိုကုန်သည် ဖြစ်၍ မြတ်စွာ ဘုရားဟောသော တရားတော် အား နှစ် ခြို က်ဝမ်းမြောက်ကြကုန်၏ ။

*

## (၅) အသျှင်ကောဏ္ဍည သော တာပန်တည်ခြင်း

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ “ယံ ကိဉ္စိ သမုဒယဓမ္မံ, သဗ္ဗံ တံ နိရောဓ ဓမ္မ” န္တိ။

ဤသို့ (ဂါထာမဖက်) စကားပြေ သက်သက်ဖြင့် ဟောကြားအပ်သော အခါ၊ အသျှင်ကောဏ္ဍညအား “ ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံတို့သည် ချုပ်ခြင်းသဘောရှိကုန်သည်”ဟူသော ကိလေသာစင်ကြယ်သည့် (သော တာပတ္တိမဂ်ခေါ်) တရားအမြင်သည် ဖြစ်ပေါ်၍ လာ၏ ။

(၆) နတ်ပြဟ္မာတို့ ကောင်းချီးပေးခြင်း

(၁) ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ, ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ - “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

ဤသို့ မြတ်စွာ ဘုရားသည် (သစ္စာလေးချက်) တရားစက်ကို လည်စေသော် -

"လောကတွင် သမဏ ဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာ တစ်ဦး တစ်ယောက် မျှ မဟောနိုင်သော အတုမရှိသည့် ဓမ္မစကြာတရားတော် ကို မြတ်စွာ ဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည် သော မိဂဒါဝုန်တော၌ ဟောကြားတော် မူ၏ "ဟု ဘုမ္မစိုးနတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၂) ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ, စတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ - "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"ံ တိ။

ဘုမ္မစိုးနတ်တို့ ကောင်းချီးပေးသံကို ကြားရသော် "လောကတွင် ... ဟောကြားတော် မူ၏ " ဟု စတုမဟာရာဇ်နတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၃) စတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ, တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာဝေသုံ - "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"ံ တိ။

စတုမဟာရာဇ်နတ်တို့ ကောင်းချီးပေးသံကို ကြားရသော် "လောကတွင် ... ဟောကြားတော် မူ၏ " ဟု တာဝတိံသာနတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၄) တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ, ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ - "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"ံ တိ။

တာဝတိံသာနတ်တို့ ကောင်းချီးပေးသံကို ကြားရသော် "လောကတွင် ... ဟောကြားတော် မူ၏ " ဟု ယာမာနတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၅) ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ, တုသိတာ ဒေဝါ သဒ္ဒမနုဿ ါဝေသုံ - "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

ယာမာနတ်တို့ ကောင်းချီးပေးသံကို ကြားရသော် "လောကတွင် ... ဟောကြားတော် မူ၏ " ဟု တုသိတာနတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၆) တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ, နိမ္မာနရတိ ဒေဝါ သဒ္ဒမနုဿ ါဝေသုံ - "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

တုသိတာနတ်တို့ ကောင်းချီးပေးသံကို ကြားရသော် "လောကတွင် ... ဟောကြားတော် မူ၏ " ဟု နိမ္မာနရတိနတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၇) နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ, ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿ ါဝေသုံ - "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

နိမ္မာနရတိနတ်တို့ ကောင်းချီးပေးသံကို ကြားရသော် "လောကတွင် ... ဟောကြားတော် မူ၏ " ဟု ပရနိမ္မိတဝသဝတ္တီနတ်တို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

(၈) ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ, ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ - “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

ပရနိမ္မိတဝသဝတ္တီနတ်တို့ ကောင်းချီးပေးသံကို ကြားရသော် “လောကတွင် ... ဟောကြားတော် မူ၏ ” ဟု ဗြဟ္မာတို့သည် အဆင့်ဆင့် ကောင်းချီးပေး ကြွေးကြော်ကြကုန်၏ ။

ဣတိဟ, တေန ခဏေန, တေန လယေန, တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။ အယဉ္စ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတု ရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

ဤသို့ လျှင် ထိုအချိန် ထိုအခါ ထိုကာလ၌ ကောင်းချီးပေးသံတို့သည်ပြန့်နှံ့တက်၏ ။ ဤတစ်သော င်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏ ။ ပြင်းစွာ တုန်လှုပ်၏ ။ ထက်ဝန်းကျင် တုန်လှုပ်၏ ။ အတိုင်းအရှည်မရှိ ကြီးမားသော အရောင် အလင်းသည်လည်း နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ လောက၌ ထင်ရှား ဖြစ်ပေါ်လာ၏ ။

(၇) အသျှင်ကောဏ္ဍည ရှင်ရဟန်းပြုခြင်း

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ “အညာသိ ဝတ ဘော ကောဏ္ဍညော, အညာသိ ဝတ ဘော ကောဏ္ဍညော” တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ ‘အညာသိကောဏ္ဍညော’ တွေ ဝ နာမံ အဟောသိ။

ထိုအခါ မြတ်စွာ ဘုရားသည် “ရဟန်းတို့ ကောဏ္ဍညသည် (သစ္စာလေးပါးတရားကို) သိလေပြီတကား။ ရဟန်းတို့ ကောဏ္ဍညသည် (သစ္စာလေးပါးတရားကို) သိလေပြီတကား”ဟု ဥဒါန်းကို ကျူး ရင့်တော် မူ၏ ။ ဤသို့ ကျူး ရင့်တော် မူသော ကြောင့် အသျှင်ကောဏ္ဍညအား “အညာသိကောဏ္ဍည” ဟူ၍ သာလျှင်

အမည် တွင် လေ၏ ။

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ - "လဘေယျာဟံ, ဘန္တေ, ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒ" န္တိ။

ထို့နောက် အသျှင်အညာသိကောဏ္ဍညသည် တရားသို့ မြင်ပြီး, ရောက်ပြီး, သိပြီး, သက်ဝင်ပြီး ဖြစ်၍ ၊ (သို့ လော သို့ လော)ယုံမှား ခြင်းကို လွန်မြောက်ပြီး ဖြစ်၍ ၊ မြတ်စွာ ဘုရား၏ သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီး၍ ၊ ဘုရားမှတစ်ပါး ကိုးစားထိုက်သူ မရှိသည် ဖြစ်၍ "အသျှင်ဘုရား... ကျွန်ုပ်သည် မြတ်စွာ ဘုရားထံတွင် ရဟန်းအ ဖြစ်ကို ရလိုပါသည်" ဟုလျှောက်ထား၏ ။

"ဧဟိ ဘိက္ခု" တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော, စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ   အန္တကိရိယာယာ" တိ။ သာဝ တဿ   အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

"ရဟန်း လာလော့ (ဧဟိ ဘိက္ခု) ... တရားကို ကောင်းစွာ ဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်လော့" ဟု မြတ်စွာ ဘုရားသည် မိန့်တော် မူ၏ ။ ထိုစကားဖြင့်ပင် အသျှင်ကောဏ္ဍညသည် ပဥ္စင်းအ ဖြစ် (ဥပသမ္ပဒါ) အ ဖြစ်သို့ ရောက်လေသည်။

အောင်ပြည့်စုံအေး

*